★ ဗမာပြည်ကွန်မြူနစ်ပါတီတည်ထောင်သည့်
၄၅နှစ်မြောက်နေ့တွင်ဗဟိုကော်မတီ၏
ထုတ်ပြန်ကျေညာချက်

★ ဥက္ကဌသခင်ဗသိန်းတင်၏မိန့်ခွန်း

၁၃၄၆ ခုနှစ်ဝါခေါင်လဆုတ် (၄)ရက်။
၁၉၈၄ ခုနှစ် ဩဂုတ်လ (၁၅) ရက်။

## မ ဆ လ တပါတီအာဏာရှင်စနစ်ကို အစိကဦးတည်ကာ တခဲနက် ဆန့်ကျင် တိုက်ခိုက်ကြပါစို့

## (ဗမာပြည်ကွန်မြူနစ်ပါတီ တည်ထောင်သည့် ၄၅ နှစ်မြောက်နေ့တွင်၊ ဗဟိုကော်မတီ၏ ထုတ်ပြန် ကျေညာချက်)

[ ၁ ]

ဗမာပြည်ကွန်မြူနစ်ပါတီ၏ သက်တမ်းသည် ယခု ၁၉၈၄ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် ၄၅ နှစ်တင်းတင်း ပြည့်မြောက်ခဲ့ပေပြီ။

ဗမာပြည်ကွန်မြူနစ်ပါတီသည် စတင်တည်ထောင်သည့် နေ့မှစ၍ ယနေ့ထက်တိုင်ဗမာပြည်တွင်ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးအောင်မြင်ရန်အတွက် မဆုတ်မနစ် တိုက်ပွဲဝင်ခဲ့သည်။ ၎င်းတော်လှန်ရေး အောင်မြင်မှသာ ဒီမိုကရေစီသစ် လူ့အဖွဲ့အစည်းကို တည်ထောင်နိုင်မည်ဖြစ်ပြီး အနာဂါတ်ကာလတွင် မိမိ၏နောက်ဆုံး ရည်မှန်းချက်ဖြစ်သည့် လူလူချင်း သွေးစုတ်မှုကင်းစင်သော လူတန်းစားမရှိသော ကွန်မြူနစ်လူ့အဖွဲ့အစည်းကို တူထောင်နိုင်မည် ဖြစ်သည်။ ထို့ကြောင့် ပင်လျှင် ဗမာပြည် ကွန်မြူနစ်ပါတီသည် မည်သို့သော အခက်အခဲ အတားအဆီး အကျွအကောက်များကို ကြုံရသည်ဖြစ်စေ၊မည်သို့သောအနစ်နာခံရမှု စွန့်လွှတ်ရမှုတို့ကို ပြုရသည်ဖြစ်စေ ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေး အရေးတော်ပုံ အောင်မြင်ရေးအတွက် ဦးလည်မသုန် ချီတက်တိုက်ပွဲဝင်ခဲ့ခြင်း ဖြစ်သည်၊ရှေ့တွင်လည်း တော်လှန်ရေးမအောင်မြင်မခြင်း ဆက်လက်ချီတက် တိုက်ပွဲဝင်သွားမည်သာ ဖြစ်သည်။

ပါတီ၏ ၄၅ နှစ်သက်တမ်းအတွင်း နှစ်ပေါင်း ၄၀ ကျော်ကာလသည် လက်နက်ကိုင်တိုက်ပွဲ ဆင်နွှဲခဲ့ရသော ကာလဖြစ်သည်။ ထို့ကြောင့်ပင် ပါတီ၏သမိုင်းကို အဓိကအားဖြင့် လက်နက်ကိုင်တိုက်ပွဲ သမိုင်းဟု ပြောနိုင်ပေသည်။

ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေး၏ ရန်သူများဖြစ်သည့် အုပ်စိုးသူ လူတန်းစားတို့သည် ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ဗမာပြည် ပြည်သူများအား ဓနရှင်ဒီမိုကရေစီ အခွင့်အရေးကိုပင် မပေးဘဲ လက်နက်နှင့် ဖိနှိပ်ကြပေသည်။ ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးကို ချိုးနှိမ်ပစ်ရန်အတွက် လက်နက်ကိုင် တန်ပြန်တော်လှန်ရေးကို အရူး အမူးလုပ်ခဲ့ကြသည်။ ထို့ကြောင့်ပင်လျှင် ဗမာပြည် ကွန်မြူနစ်ပါတီ သည် လက်နက်ကိုင် တန်ပြန်တော်လှန်ရေးကို လက်နက်ကိုင် တော်လှန်ရေးဖြင့် ဆန့်ကျင် တိုက်ခိုက်နေရခြင်း ဖြစ်သည်။

အင်္ဂလိပ် နယ်ချဲ့သမားဖြစ်စေ၊ ဂျပန် ဖက်ဆစ်များဖြစ်စေ၊ ၄၇ ခုနှစ်နောက်ပိုင်းတွင် တက်လာကြသော ဖေါက်ပြန်ရေး အစိုးရများ ဖြစ်စေ အားလုံးသော ဖေါက်ပြန်သည့် အုပ်စိုးသူများသည် ပြည်သူ့ ဒီမိုကရေစီ တော်လှန်ရေးကို အရူးအမူးဆန့်ကျင်ကြသည်။ တော်လှန် ရေးကို ရှေ့ဆောင်နေသော ဗမာပြည် ကွန်မြူနစ်ပါတီကိုလည်း ရက် စက်စွာ လက်နက်နှင့် နှိပ်ကွပ်ခဲ့ကြသည်ချည်းဖြစ်သည်။ လက်နက်ကိုင် တိုက်ပွဲကိုသာ မတိုက်ဝံ့ပါက ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးကို ဆက်လက်ဆင်နွှဲရန် မဖြစ်နိုင်ရုံမျှမက ၎င်းတော်လှန်ရေးကို ရှေ့ဆောင် ရှေ့ရွက်ပြုနေသည့် ဗမာပြည် ကွန်မြူနစ်ပါတီသည်လည်း တည်ရှိနိုင် တော့မည် မဟုတ်ပေ။

ဗမာပြည် ကွန်မြူနစ်ပါတီသည် လက်နက်ကိုင် တော်လှန်ရေး အတွင်းတွင် ထုသားပေသားရလာကာ ကြံ့ခိုင်ကြီးထွားလာခြင်း

ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွါးမီ ရက်ပိုင်းအတွင်းတွင်မှ တည်ထောင်လိုက်သော ဗမာပြည် ကွန်မြူနစ်ပါတီသည် ဒုတိယကမ္ဘာ စစ်ကြီးအတွင်းတွင် လက်နက်ကိုင်တိုက်ပွဲ အတွေ့အကြုံများကို ရရှိ လိုက်သည်။ ခက်ခဲကြမ်းတမ်းလှသည့် ဖက်ဆစ် တော်လှန်ရေး လက်နက်ကိုင်တိုက်ပွဲ ကာလအတွင်းမှာပင် ပါတီသည် တပြည်လုံး အတိုင်းအတာရှိသည့် ကျယ်ပြန့်သော၊ လူထုလက္ခဏာဆောင်သော၊ ဗမာပြည် နိုင်ငံရေးလောကတွင် ကြံ့ခိုင် သိပ်သည်းဆုံးသော ပါတီ အဖြစ်သို့ ကြီးထွား ဖြစ်ပေါ်လာခဲ့သည်။

ယနေ့ မ ဆ လ တပါတီ အာဏာရှင်စနစ်အောက်တွင် နိုင်ငံရေး ပါတီအမျိုးအပြားသည် တိမ်မြုပ် ပျောက်ကွယ်နေကြရသော်လည်း ဗမာပြည် ကွန်မြူနစ်ပါတီမှာမူကား စစ်အစိုးရကို မားမားမတ်မတ် ရင်ဆိုင် ဆန့်ကျင်ကာ ပြည်သူ့ ဒီမိုကရေစီ တော်လှန်ရေး အလံကို မြင့်မြင့်မားမား လွင့်ထူချီတက်လျက် ရှိပေသည်။ ဤသည်မှာလည်း လက်နက်ကိုင်တိုက်ပွဲကို ကြံ့ကြံ့ခိုင်ခိုင် တိုက်ခိုက်ခြင်း၏ အကျိုး ကျေးဇူးပင်ဖြစ်၏။ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ် တည်းဟူသော သဘောတရားကို ဗမာပြည် တော်လှန်ရေး လက် တွေ့နှင့် မှန်ကန်စွာပေါင်းစပ် ကျင့်သုံးနိုင်ပါက မှန်ကန်သောလုပ်ငန်း စဉ်၊လမ်းစဉ်၊ပေါ်လစီ အခြေခံပေါ်တွင် တပါတီလုံးကို စည်းလုံးညီ ညွတ်အောင်လုပ်ပြီး ပြည်သူလူထုနှင့် တသားတည်း နီးနီးကပ်ကပ် ပူးပေါင်းကာ စည်းလုံးနိုင်သမျှသော အင်အားမှန်သမျှနှင့် စည်းလုံး နိုင်ပါက အတားအဆီး အခက်အခဲများ မည်မျှပင် ရှိသည်ဖြစ်စေ ပြည်သူ့ ဒီမိုကရေစီ လက်နက်ကိုင် တော်လှန်ရေးအောင်ပွဲကို အရ ဆွတ်ခူးသွားနိုင်မည်မှာ ဧကန်မုချပင် ဖြစ်သည်။

[ ၂ ]

နယ်ချဲ့စနစ်၊ ပဒေသရာဇ်မြေရှင်စနစ်နှင့် ဗျူရိုကရက် အရင်းရှင်စနစ်တို့၏ ဖိနှိပ် သွေးစုပ်မှုအောက်မှ လုံးဝ လွတ်မြောက်သော၊ ပြည်သူတို့တွင် ဒီမိုကရေစီ အပြည့်အဝရှိသော၊ တိုးတက် သစ်လွင်သော ဗမာပြည်ကို တူထောင်ရာတွင် ယနေ့အတားအဆီး ဖြစ်နေသည်မှာ စစ်အစိုးရနှင့် ၎င်းကျင့်သုံးနေသည့် ဖေါက်ပြန်သော လမ်းစဉ် ပေါ်လစီများပင် ဖြစ်သည်။ စစ်အစိုးရသည် တပါတီ အာဏာရှင်စနစ်ကို ကျင့်သုံးကာ တတိုင်းတပြည်လုံးကို ဖိနှိပ်သွေးစုပ် နေသူဖြစ်သည်။ သူ၏ဖိနှိပ်သွေးစုပ်မှုကို ဖုံးကွယ်ရန်အတွက် အတုအယောင်ဆိုရှယ်လစ်ဝါဒကို အသုံးပြုနေသည်။ သို့သော်ဆင်သေကို ဆိတ်ရေနှင့် မဖုံးနိုင်သလို သူ၏မ ဆ လ အတုအယောင် ဆိုရှယ်လစ်အလံက သူ၏ဖိနှိပ်သွေးစုပ်မှုများကို ဖုံးကွယ်ခြင်း မပြုနိုင်ပေ။

စစ်အစိုးရ၏ ဖိနှိပ်သွေးစုပ်မှုအောက်တွင် တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွါးရေး၊ ယဉ်ကျေးမှု၊ လူမှုရေး စသည်တို့သည် များစွာဆုတ်ယုတ် ပျက်ပြားခဲ့ရသည်။ ပြည်သူလူထုကြီး၏ နေထိုင်စားသောက်မှုဘဝသည် ကြာလေ ကျဆင်းလေ ဖြစ်နေပေသည်။ အနှစ်နှစ်အလလက ပြည်သူများ တိုက်ပွဲဝင်ခြင်းဖြင့် ရရှိလာခဲ့သည့် အခြေခံ ဒီမိုကရေစီ အခွင့်အရေးများမှာ ပိတ်ပင်တားဆီးခြင်း ခံနေရသည်။

စက်မှုလက်မှုနှင့် လယ်ယာကဏ္ဍများတွင် တိုးတက်နေပါသည်ဟု စစ်အစိုးရက ဝါဒဖြန့်ခဲ့သည်။ သို့သော် စစ်အစိုးရခေတ်တွင်ပင် တတိုင်းတပြည်လုံး အငတ်ဘေးကြီး ၂ ကြိမ်ဆိုက်ခဲ့သည်။ စစ်ဘေးကြီးဆိုက်ပြီး တိုင်းပျက် ပြည်ပျက်ဖြစ်နေရသည့် ဂျပန်ခေတ် ဗမာပြည်တွင်ပင် ဤသို့သော အငတ်ဘေးကြီးမျိုး ဆိုက်ခဲ့ဘူးခြင်း

မရှိခဲ့။ ကုန်ပစ္စည်းရှားပါးမှု ကုန်ဈေးနှုန်းမြင့်တက်မှု တို့တွင်လည်း စစ်အစိုးရက စံချိန်သစ်များ တင်ပြီးယင်းတင်နေသည်။ ကုန်ဈေးနှုန်းကြီးမြင့်မှုကြောင့် လစာနည်း ဝန်ထမ်းတဦး၏လစာ၊လယ်သမားတဦး၏ ဝင်ငွေ၊အလုပ်သမားတဦး၏ လုပ်ခတို့သည် လူတဦး အိမ်ထောင်တခု၏ အခြေခံ စားဝတ်နေရေးကိုပင် အာမ မခံနိုင်တော့သော အဆင့်ထိ ရောက်ရှိခဲ့ပေပြီ။ ပြည်တွင်းထွက် အဝတ်လျှော်ဆပ်ပြာ၊ ရေနံဆီ၊ လုံချည်ကြမ်း စသည်တို့ပင်လျှင် ဇိမ်ခံပစ္စည်းများ ဖြစ်ခဲ့လေပြီ။ ပြည်ပမှ ဝယ်ယူတင်သွင်းရသော ကုန်ပစ္စည်းများ အတွက်ကား ပြောဘွယ်မရှိပြီ။ သဘာဝသား လုပ်ငန်းလို လုပ်ငန်းမျိုးသည်ပင် တိုင်းပြည်၏ ပြည်ပ သွင်းကုန်ဝင်ရာ ရေသောက်မြစ်တခု ဖြစ်နေလေပြီ။

နိုင်ငံရေးဘဝအာက်တွင်လည်း တိုင်းသူ ပြည်သားတို့၌ လွတ်လပ်မှုဘာမျှ မရှိကြတော့ပေ။ မ ဆ လ တပါတီ အာဏာရှင် စနစ်၏ လက်အောက်တွင် ပြည်သူလူထုကြီးသည် ပြားပြားမှောက် ကျရောက်နေရ၏။ အခြေခံ ဒီမိုကရေစီ အခွင့်အရေးများဖြစ်သည့် လွတ်လပ်စွာ အသင်းအပင်း ထူထောင်ခွင့်၊ ရေးသား ထုတ်ဝေခွင့်၊ စုရုံးစည်းဝေး ဟောပြောခွင့်၊ ကန့်ကွက်ဆန္ဒပြခွင့်၊ ယုံကြည်ကိုးကွယ်ခွင့် စသည်များပင်လျှင် ရုတ်သိမ်းခြင်း ခံနေရ၏။ မ ဆ လ နိုင်ငံရေး၊ မ ဆ လ အစည်းအဝေးတို့သာလျှင် လုပ်ခွင့်ရှိနေသည်။စစ်အစိုးရကို ဆန့်ကျင် အတိုက်အခံပြုခွင့် လုံးဝမရရှိကြပေ။

စစ်အစိုးရသည် ကွန်မြူနစ်ဆန့်ကျင်ရေး ပြည်သူဆန့်ကျင်ရေး ဖေါက်ပြန်သော ပြည်တွင်းစစ်ကို တလျှောက်လုံး သဲကြီးမဲကြီး တိုက်နေပေသည်။ တချိန်တည်းတွင်လည်း လူမျိုးကြီးဝါဒကို ကျင့်သုံးကာ၊ လူနည်းစု အမျိုးသားများကို လက်နက်ဖြင့် ဖိနှိပ်နေပေသည်။ လူမျိုး

ပေါင်းစုံ ပြည်သူများကို ယုတ်မာရိုင်းစိုင်းစွာ ညှဉ်းပမ်း၊ နှိပ်စက်၊ အဓမ္မပြုကျင့်၊ သတ်ဖြတ်၊ ရွာများကိုဖျက်ဆီး စသဖြင့် မီးကုန်ယမ်းကုန် လုပ်နေပေသည်။

စစ်အစိုးရသည် သူတို့ဘာသာရေးဆွဲပြီး သူတို့ဘာသာ အတည်ပြုထားသည့် "ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ" ဆိုသည်ကို အမြဲတမ်းအမွန်းတင်လေ့ရှိသည်။ ဤ "ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ" သည် တပါတီ အာဏာရှင်စနစ်ကို တရားဝင် အတည်ပြုပေးထားသော ပြည်သူကို ဆန့်ကျင်သော၊ ဒီမိုကရေစီ အခွင့်အရေးများကို ပယ်ဖျက်သော ဖေါက်ပြန်သည့် အခြေခံဥပဒေ ဖြစ်သည့်အတွက်၊ ဤ "ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ" ကို မုချဖျက်သိမ်းပစ်ရပေမည်။ ဤ "ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ" တည်ရှိနေသရွေ့ ပြည်သူ့လွတ်လပ်ခွင့်နှင့် ပြည်သူတို့၏ ဒီမိုကရေစီ အခွင့်အရေးများ ရရှိနိုင်မည် မဟုတ်ပေ။

စစ်အစိုးရကလည်း ဤ "ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ" ဆိုသည်ကို တည်တန့်အောင် အသေအလဲ ကာကွယ်မည်မှာ သေချာပေသည်။ သူတို့၏ အခြေခံဥပဒေကို နှစ်အကန့်အသတ်မရှိ တည်မြဲနေစေရန်လည်း မျှော်လင့်ထားကြသည်။ ထို့ကြောင့်ပင် ယခုကတည်းက သူတို့၏ "ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ" ချောချောမွေ့မွေ့ လည်ပတ်နိုင်ရေးအတွက် အဘက်ဘက်မှ ပြင်ဆင်နေကြသည်။ ဤ "ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ" ၏ ဖခင်ကြီးဟု ကပ်ပါးရပ်ပါးများက ကင်မွန်းတပ်ပေးခြင်း ခံရသော ဦးနေဝင်းပြောခဲ့သည့် "တာဝန်ကြီးများကို ချောချောမွေ့မွေ့၊ ပြေပြေပြစ်ပြစ်၊ ကျေကျေလည်လည်၊ ညီညီညွတ်ညွတ် လွှဲပြောင်းပေးရေး" ဆိုသည်မှာလည်း ပြင်ဆင်မှုတခုပင် ဖြစ်သည်။ စစ်အုပ်စုတွင်း ဥမကွဲ သိုက်မပျက် စည်းလုံးနေစေဖို့ သူဘို့ မျှော်မှန်းပြီးလည်း ပြင်ဆင်နေကြသည်။

သို့သော်သူတို့၏ စိတ်ကူးယဉ် အိပ်မက်ကို ထောက်လှမ်းရေး တင်ဦး အရေးအခင်းက လှန့်နိုးလိုက်သည်။ "ချောမွေ့ ပြေပြစ် ကျေလည် ညီညွတ်"စွာ တာဝန်လွှဲပြောင်းရေးဆိုသည့် ဆပ်ပြာဘူဘောင်းသည် တမဟုတ်ချင်း ပေါက်ကွဲသွားခဲ့သည်။ ဦးနေဝင်း ရှိနေတုန်းမှာတောင် ဒီလိုဖြစ်နေယင်၊ ၎င်းမျက်စေ့မှိတ်သွားယင် ဘာဖြစ်မလဲ ဆိုသော မေးခွန်းက သူတို့အသိုင်းအဝိုင်းကို အစဉ်အမြဲ ချောက်လှန့်လျက်ရှိနေပေပြီ။ မည်သို့ပင်ဖြစ်စေ စစ်အုပ်စုသည် သူတို့၏ အာဏာရှင်စနစ်ကို ကာကွယ်ဘို့ အသေအလဲ ရုန်းကန် လှုပ်ရှားကြပေလိမ့်ဦးမည်။

ယနေ့ဗမာပြည် လူမျိုးစုံပြည်သူများ၏ အရေးအကြီးဆုံး နိုင်ငံရေးတာဝန်သည် မ ဆ လ တပါတီ အာဏာရှင်စနစ်ကို ဖြိုဖျက်ပစ်ရေးဖြစ်သည်။ မ ဆ လ တပါတီ အာဏာရှင်စနစ်ကြောင့် ပြည်တွင်းစစ်သည် ရှည်ကြာနေရသည်။ ပြည်သူ့တို့၏ ဒီမိုကရေစီ အခွင့်အရေးများသည် ဆိတ်သုန်းနေရသည်။ အမျိုးသား သွေးစည်းညီညွတ်ရေးသည် အစိတ်စိတ် အမွှာမွှာကွဲပြားနေရသည်။ ပြည်သူလူထု၏ စားဝတ်နေရေးသည် ကြီးမားစွာ အခက်အခဲ တွေ့နေရသည်။ ဗမာပြည်လူမျိုးစုံ ပြည်သူများသည် ဤအာဏာရှင်စနစ်၏ ပြစ်မှုကြီးများကို မိမိတို့၏ ကိုယ်ပိုင်အတွေ့အကြုံအရ၊ သိနားလည်လာကြပြီဖြစ်သည်။ မ ဆ လ တပါတီ အာဏာရှင်စနစ်သည် မဖြိုဖျက်ဘဲနှင့် ပြိုပျက်လိမ့်မည် မဟုတ်ပေ။ နှစ်ပေါင်း ၂၀ ကျော်သူတို့ ထင်တိုင်းပြုမူခဲ့ကြသဖြင့် တိုင်းပြည်၏ အခြေအနေသည် အလွန်ပင်ယိုယွင်းပျက်စီးနေချေပြီ။ သူတို့အား ဆက်လက်၍ ယုတ်မာ ရက်စက်စွာ ပြုမူခွင့်မ ပေးနိုင်တော့ပေ။

ဗမာပြည်သည် "လွတ်လပ်ရေး"ရပြီး ကိုလိုနီတပိုင်း ပဒေ

သရာဇ်တပိုင်း နိုင်ငံဘဝသို့ ရောက်ခဲ့သည်မှာ နှစ်ပေါင်း ၃၆ နှစ်ကျော်သာရှိသေးသည်။ ဤ ၃၆ နှစ်ကျော် အတွင်းတွင် တကဲ့ရာနှုန်းပြည့် အာဏာသိမ်းပွဲပုံစံဖြင့် အာဏာသိမ်းခြင်းကို ပြောရလျှင် စစ်တပ်ဖြင့် အာဏာသိမ်းမှုကို တကြိမ်ကြုံရဘူးပြီ။ ဤအာဏာသိမ်း စစ်အစိုးရအောက်တွင် ၂၂ နှစ်ကျော် ကျရောက်နေရပြီ။

လက်တင် အမေရိကတိုက်မှ တိုင်းပြည်များသည် စစ်တပ်အာဏာသိမ်းပွဲ ကိစ္စမျိုးတွင် အတွေ့အကြုံအရှိဆုံး ဝါအရင့်ဆုံး ဟုဆိုရပေမည်။ ဘိုလီဗီးယား တိုင်းပြည်ကား စံချိန် တင်လောက်ပေသည်။ နှစ် ၁၀၀ မပြည့်သော ကာလ အတွင်းမှာပင် အစိုးရအပြောင်းအလဲ ၁၈၆ ကြိမ်ရှိခဲ့သည်။ အစိုးရ အပြောင်းအလဲ အများတကာ့ အများစုကြီးမှာ စစ်တပ်ဖြင့် အာဏာသိမ်းခြင်းမှ ပေါ်လာခြင်းဖြစ်သည်။ အာဏာ ရမက်ကြီးသော ၊ စစ်တပ် လက်ကိုင်ရှိသော စစ်ဗိုလ်များ လက်ယားဘိုင်း အာဏာသိမ်းနေကြခြင်း ဖြစ်သည်။ ထိုတိုင်းပြည်သည် ပြည်ပကြွေးများ လည်ပင်းခိုက်ပြီး ဒေဝါလီခံရမည့် အနေအထား ရောက်နေသည်။ အာဏာသိမ်းပွဲ ဤမျှများပြားသော တိုင်းပြည်ရှိ ပြည်သူများ၏ဘဝ မည်သို့ဖြစ်နေမည်ဆိုသည်ကိုကား တွေးကြည့်ရုံဖြင့် သိနိုင်ပေသည်။ လက်တင်အမေရိကတိုက်တွင် စစ်တပ်ဖြင့် အာဏာသိမ်းပွဲ နည်းပါးပါသည် ဆိုသော တိုင်းပြည်များတွင်ပင်လျှင် အာဏာသိမ်းပွဲ အကြိမ်ပေါင်း ဆယ်နှင့်ချီ၍ ရှိကြပေသည်။

ဤကဲ့သို့ စစ်တပ်လက်ကိုင်ရှိသူက လက်ယားတိုင်း အာဏာသိမ်းသည့် အဖြစ်မျိုးကို ရောက်အောင် နေဝင်းစန်းယု စစ်အုပ်စုကယနေ့ ဖန်တီးနေပေသည်။ သူတို့ သဘောအတိုင်းသာ လွှတ်ပေးထားမိက တိုင်းပြည်သည် ငါးပါးမက သဿာစင်ပါ မှောက်ပေ

တော့မည်။

ဗမာပြည် ကွန်မြူနစ်ပါတီသည် တိုင်းပြည်ကို ဤအဖြစ်မျိုး အရောက်မခံနိုင်၊ ကြီးမြတ်သည့် လူမျိုးပေါင်းစုံ ပြည်သူတို့ကလည်း အရောက်မခံနိုင်။ ဤအဖြစ်မျိုးသို့ ရောက်အောင် ဆွဲခေါ်နေသော စစ်အစိုးရကို နည်းသဏ္ဌာန်ပေါင်းစုံဖြင့် ဆန့်ကျင် တိုက်ဖျက်သွားမည်သာဖြစ်သည်။ ဘုံရန်သူ စစ်အစိုးရကို ဆန့်ကျင်သူတိုင်း၊ မ ဆ လ တပါတီ အာဏာရှင် စနစ်ကို ဆန့်ကျင်သူတိုင်းကလည်း မိမိတို့ လုပ်ဆောင်နိုင်စွမ်းရှိသည့် တိုက်ပွဲသဏ္ဌာန်ဖြင့် စစ်အစိုးရကို အဓိက ထားပြီး ဦးတည်ဆန့်ကျင်ကြရန် တိုက်တွန်း နှိုးဆော်လိုက်ပါသည်။ သို့မှသာလျှင် စစ်အစိုးရ ဖြစ်စေချင်သလို ဖြစ်မလာဘဲ တိုင်းပြည်၏ အနာဂတ်သည် ထွန်းပြောင်လာပေလိမ့်မည်။

[ ၃ ]

ဗမာပြည်ကွန်မြူနစ်ပါတီသည် လက်နက်ကိုင်တိုက်ပွဲကို အဓိက တိုက်ပွဲသဏ္ဌာန်အဖြစ်ထားယင်း ကျန်သောတိုက်ပွဲသဏ္ဌာန်အမျိုးမျိုး ကိုပေါင်းစပ်ကာ ဘုံရန်သူစစ်အစိုးရကို ဆက်လက် ဦးတည်တိုက်ခိုက် သွားမည်ဖြစ်ပေသည်။

လက်နက်ကိုင်တိုက်ပွဲကို စွဲစွဲမြဲမြဲ ဆင်နွှဲနေသည့်တချိန်တည်း တွင် ပြည်တွင်းစစ်ရပ်စဲပြီး ပြည်တွင်းငြိမ်းချမ်းမှု တည်ဆောက်ရေး အတွက်၎င်း၊ ဒီမိုကရေစီရေးအတွက်၎င်း၊ အမျိုးသားသွေးစည်း ညီညွတ်မှု တည်ဆောက်ရေးအတွက်၎င်း အစွမ်းကုန်ကြိုးစားသွား မည်ဖြစ်သည်။ ဗမာပြည်ကွန်မြူနစ်ပါတီသည် ပြည်တွင်းစစ်ရပ်စဲ ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရေးအတွက် စစ်အစိုးရနှင့်

စေ့စပ်ဆွေးနွေးရေးလုပ်ရန် ဆန္ဒရှိပေသည်။ ရိုးသားဖြူစင်စွာ အကျိုးသင့်အကြောင်းသင့် ပြောဆိုဆွေးနွေးရန် အမြဲတမ်းအဆင်သင့်ရှိပေသည်။

ပြည်တွင်းစစ်ကို ကွန်မြူနစ်ပါတီက ဖန်တီးခဲ့ခြင်းမဟုတ်ပေ၊ ဖေါက်ပြန်သည့် အုပ်စိုးသူများက ဖန်တီးခြင်းဖြစ်သည်။ ကွန်မြူနစ်များသည် မိမိကိုယ်ကို ခုခံကာကွယ်သည့် တရားသောစစ်ကို တိုက်ခိုက်နေရခြင်းသာဖြစ်သည်။ ထို့ကြောင့် ပြည်တွင်းစစ် ရပ်စဲရေးကို ကွန်မြူနစ်များက လိုလားကြသည်။ တပါတီအာဏာရှင်စနစ်ကို ဆန့်ကျင်သော ဒီမိုကရေစီအခွင့်အရေး အပြည့်အဝရှိသော တဖက်စီးနင်းမဖြစ်သော တရားမျှတသော အခြေခံပေါ်တွင် ပြည်တွင်းစစ်ကို ရပ်စဲလိုပေသည်။

[ ၄ ]

ပြည်သူ့လူထုအပေါင်းတို့
မ ဆ လ တပါတီ အာဏာရှင်စနစ်ကို ဆန့်ကျင် တိုက်ခိုက်နေကြသော အင်အားစုများနှင့် ပြည်ချစ်ပုဂ္ဂိုလ်အပေါင်းတို့

ဗမာပြည် ကွန်မြူနစ်ပါတီက အောက်ပါ《လတ်တလောတောင်းဆိုချက်များ》သည် မ ဆ လ တပါတီ အာဏာရှင်စနစ်၏ ဖိနှိပ်သွေးစုတ်မှုအောက်တွင် အလူးအလိမ့်ခံနေကြရသော လူတန်းစားပေါင်းစုံလူ့အလွှာပေါင်းစုံတို့၏ လိုလားတောင့်တချက်များ ဖြစ်သည်ဟု မှတ်ယူပါသည်။ ဤ《လတ်တလောတောင်းဆိုချက်များ》ကို ကိုင်စွဲကာ စစ်အစိုးရကို ဦးတည် တိုက်ပွဲဝင်ခြင်းဖြင့်သာလျှင် ပြည်သူများ၏

နိုင်ငံရေး စီးပွါးရေး လူမှုရေးဘဝများ တိုးတက်မြင့်မားလာကာ တိုးတက်၊ တောက်ပြောင်၊ သစ်လွင်သောဗမာပြည် ဖြစ်ပေါ်ရေး လမ်းကြောင်းအတိုင်း လျှောက်လှမ်းနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

《လတ်တလော တောင်းဆိုချက်များ》မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ပြည်တွင်းစစ်ရပ်စဲပြီးပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရေး။

၂။ မ ဆ လ တပါတီအာဏာရှင်စနစ် ဖျက်သိမ်းပြီး၊ ပါတီစုံဒီမိုကရေစီစနစ် ထူထောင်ရေး။

၃။ ဖေါက်ပြန်တဲ့အမိန့်ဥပဒေတွေ ဖျက်သိမ်းပြီး၊ ပြည်သူ့လွတ်လပ်ခွင့်တွေပြန်ပေးရေး။

လွတ်လပ်စွာရေးသားပြောဆိုခွင့်၊ ပုံနှိပ်ထုတ်ဝေခွင့်၊ စုရုံးစည်းဝေးခွင့်၊ အသင်းအပင်းဖွဲ့စည်းခွင့်၊ကိုးကွယ်ယုံကြည်ခွင့်စတာတွေပြန်ပေးရေး။

နိုင်ငံရေးအကျဉ်းသမားအားလုံး ပြန်လွှတ်ရေး။

ပြည်တွင်းစစ်ရပ်စဲရေး စေ့စပ်ဆွေးနွေးပွဲ ဖြစ်မြောက်လာစေရန်ရည်မှန်းပြီး သက်ဆိုင်ရာတို့ နှစ်ဘက်သဘောတူအတိုက်အခိုက်ရပ်စဲထားကြရေး။

၄။ အမျိုးသားသွေးခွဲရေးကို ဆန့်ကျင်ပြီး အမျိုးသားသွေးစည်းညီညွတ်ရေးကို တည်ဆောက်ရေး။

အမျိုးသားအသီးသီးပြည်သူတွေကို ဖိနှိပ်တာ မှန်သမျှနဲ့ တိုက်ခိုက်သတ်ဖြတ်နေတာတွေ အားလုံး ချက်ချင်းရပ်စဲရေး။

အမျိုးသား လူနည်းစုတွေကို စစ်မှန်တဲ့ အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးရေး။

၅။ လူထုရဲ့စားဝတ်နေရေးကို မြှင့်တင်ရေး။

ကုန်စျေးနှုန်းကျဆင်းရေးကို စီမံကိန်းနဲ့ဆောင်ရွက်။

စီးပွားရေး ဘဏ္ဍာရေးစာရင်းဇယားတွေကို မထိန်ချန်နဲ့၊ ပြည်သူတွေကိုအသိပေး။

အမျိုးသား စီးပွါးရေး တကယ်တန်း ဖွံ့ဖြိုးတိုးတက်အောင် စီးပွားရေးပေါ်လစီကို ပြုပြင်ပြောင်းလဲ။

၆။ နိုင်ငံခြားရေး ဆက်ဆံမှုတွေကို လျှို့ဝှက်မထားဘဲ ပြည်သူတွေကိုအသိပေးရေး။

၇။ အလုပ်သမားများရဲ့ စားဝတ်နေရေးကို မြှင့်တင်ပြီး ကောင်းမွန်အောင်လုပ်ရေးနဲ့ လုပ်ခတွေတိုးပေးရေး။

အလုပ်တည်မြဲရေးအတွက် အာမခံ။

အလုပ်လက်မဲ့ အလုပ်သမားများကို ကယ်ဆယ်ထောက်ပံ့။

အလုပ်ခွင် လုံခြုံရေးကို အာမခံ။

လုပ်ငန်းတူယင် ယောကျ်ား၊ မိန်းမတူညီတဲ့ လစာပေး။

အလုပ်သမားများ ကိုယ်တိုင် ဦးစီးတဲ့ အလုပ်သမားသမဂ္ဂများ ထူထောင်ခွင့်ပေး။

၈။ လယ်ယာ ကုန်ထုတ်လုပ်မှု တကယ်တန်း တိုးတက်နိုင်ရေးအတွက် ကျေးလက် ပြုပြင် ပြောင်းလဲရေးကို လုပ်ဆောင်ရေး။

သီးစားခလုံးဝ မပေးရေး အကောင်အထည် ပေါ်အောင်လုပ်။

တောင်သူလယ်သမားတွေရဲ့ လယ်ယာစိုက်ပျိုး ထုတ်လုပ်မှုမှာ မချုပ်ချယ်နဲ့၊ လယ်ယာထွက် သီးနှံတွေကို လွတ်လွတ်လပ်လပ် ရောင်းချခွင့်ပေး။

ဆင်းရဲတဲ့ လယ်သမားများကို အတိုးနှုန်းနဲနဲနဲ့ အမတော်ကြေးပိုထုတ်ပေး။

လယ်သမားများ ဝမ်းစာကို ထိခိုက်စေတဲ့ အစိုးရစပါးဝယ်ယူတဲ့ စနစ်ကိုပြုပြင်၊ စပါးဈေးတိုးပေး။

လယ်ယာ အလုပ်သမားများနဲ့ အခြေခံ လယ်သမားထု့ရဲ့အကျိုးစီးပွားကို ကာကွယ်ပေးမဲ့ လယ်သမား သမဂ္ဂများကို ဖွဲ့စည်းခွင့်ပေး။

၉။ လက်ရှိ ပညာရေးစနစ်ကို ဖျက်သိမ်းပြီး၊ အမျိုးသား ဝိဇ္ဇာနည်းကျ လူထုပညာရေးနဲ့ ယဉ်ကျေးမှုကို ထူထောင်ရေး။

ကျောင်းသားထု အကျိုးကို ကိုယ်စားပြုတဲ့ ကျောင်းသားသမဂ္ဂများကို ဖွဲ့စည်းခွင့်ပေး။

ကျောင်းဆရာ၊ ကျောင်းအမှုထမ်းများရဲ့ စားဝတ်နေရေးနဲ့ ပညာရပ်ဆိုင်ရာ လွတ်လပ်ခွင့်ကို ကာကွယ်စောင့်ရှောက်။

၁၀။ စာရေးစာချို၊ ရှေ့နေ၊ ဆရာဝန်၊ အတတ်ပညာသည်နဲ့ အနုပညာသည်များရဲ့ စားဝတ်နေရေးနဲ့ အလုပ်အကိုင် အာမခံချက်ရှိအောင် စီစဉ်ပေးရေး။

၁၁။ မြို့နေဆင်းရဲသားများရဲ့ စားဝတ်နေရေး တိုးတက်လာအောင် စီစဉ်ပေးရေး။

တရားသဖြင့် စီးပွားရှာဖွေခွင့်ကို အာမခံ။

ဆင်းရဲသား ရပ်ကွက်နဲ့ အိုးအိမ်များကို စစ်တပ်နဲ့ပုလိပ်အဖွဲ့အပါအဝင် အုပ်ချုပ်ရေး အပိုင်းက နှောင့်ယှက်ရန်ရှာမှုမှန်သမျှ ရပ်ဆိုင်း။

၁၂။ အလုပ်ရှုံစက်ရုံပိုင်ရှင်များ၊ လုပ်ငန်းရှင်ကလေးများနဲ့ကုန်သည်

ပွဲစားများရဲ့ စက်မှုကုန်သွယ်ရေး လုပ်ငန်းများကို အကူအညီပေးရေး။

အရင်းအနှီး ချေးငှားရေး၊ ကုန်ကြမ်းများ ဝယ်ယူရေး၊ ကုန်ချောများ ရောင်းချရေး အဲတွက်ချောမော ပြေပြစ်အောင်လုပ်ပေး။

ကုန်သည်ကြီးများ၊ စက်ပိုင်ရှင်များ၊ လုပ်ငန်းရှင်များရဲ့ အဖွဲ့အစည်းများကို လွတ်လပ်စွာ ဖွဲ့စည်းခွင့်ပေး။

ပိုမို၍ အသေးစိတ်ကျသော၊ လူတန်းစား လူ့အလွှာအလိုက် «လတ်တလောတောင်းဆိုချက်များ»ကိုဆက်လက် ထုတ်ပြန်သွားပါမည်။ ဤ«လတ်တလောတောင်းဆိုချက်များ»ပိုမို ပြည့်စုံလာစေရန် မ ဆ လ တပါတီ အာဏာရှင်စနစ်ကို ဆန့်ကျင် တိုက်ခိုက်နေကြသော အင်အားစုများ ပုဂ္ဂိုလ်များနှင့် ဗမာပြည်ကွန်မြူနစ်ပါတီသည် ညှိနှိုင်းဆွေးနွေးသွားရန် အမြဲတန်းအသင့် ရှိပါသည်။ ဤ« လတ်တလောတောင်းဆိုချက်များ »ကို ကိုင်စွဲပြီး တခဲနက် တိုက်ပွဲဝင်ကြပါစို့။

**စစ်အစိုးရ မုချ ကျဆုံးရမည်။**

**မ ဆ လ တပါတီအာဏာရှင်စနစ် မုချ ပျက်စီးရမည်။**

**ပြည်သူ့ဒီမိုကရေစီတော်လှန်ရေး မုချ အောင်ရမည်။**

၁၃၃၆ ခုနှစ်၊ ဝါခေါင်လဆုတ် ၄ ရက်။ ဗဟိုကော်မတီ

၁၉၇၄ ခုနှစ်၊ ဩဂုတ်လ ၁၅ရက်။ ဗမာပြည်ကွန်မြူနစ်ပါတီ

## ဗမာပြည်ကွန်မြူနစ်ပါတီတည်ထောင်တဲ့ ၄၅ နှစ်မြောက်နေ့မှာ

## ဗမာပြည်ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌသခင်ဗသိန်းတင်

## ပြောကြားတဲ့ မိန့်ခွန်း

[ ၁ ]

ရဲဘော်တို့

ပြည်သူလူထုအပေါင်းတို့

ဒီနေ့ဒီရက်မှာ ကျနော်တို့ ဗမာပြည်ကွန်မြူနစ်ပါတီကို စတင်တည်ထောင်ခဲ့တာ ၄၅ နှစ်တိတိပြည့်ပါပြီ။

ဗမာပြည် ကွန်မြူနစ်ပါတီဟာ ၁၃၀၀ ပြည့် အရေးတော်ပုံ၊ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားရေးတိုက်ပွဲများနဲ့ ဗမာပြည်တွင်းရှိ ရင့်မှည့်လာနေတဲ့ လူတန်းစားတိုက်ပွဲများ ဖြစ်ပေါ်တိုးတက်လာနေတဲ့ ရုပ်ဘဝ အခြေအနေများက ဗမာပြည်မှာ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ သဘောတရား လမ်းညွှန်တွေကို ခံယူတဲ့ ပစ္စည်းမဲ့ပါတီတရပ် ထူထောင်ဖို့ လိုအပ်လာပြီဆိုတဲ့ တောင်းဆိုမှုအရ ပေါ်ပေါက်လာတဲ့ ပါတီဖြစ်ပါတယ်။

နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှု အခြေအနေအရ ပြောရယင် ၁၉၁၇ ခုနှစ် လီနင်ခေါင်းဆောင်တဲ့ မဟာအောက်တိုဘာ တော်လှန်ရေးရဲ့ ဂယက်ရိုက်မှုကြောင့် ၁၉၂၀–၁၉၂၁ ဝန်းကျင်မှာ တချို့ကိုလိုနီ၊ ကိုလိုနီတပိုင်း နိုင်ငံများမှာ ပစ္စည်းမဲ့ ပါတီတွေဟာ စပေါ်လာပြီး ကျနော်တို့ ပါတီကတော့ မာ့က်စ်နဲ့ အိန်ဂျယ်တို့က ၁၈၄၈ ခုနှစ်မှာ

ပြုစုခဲ့တဲ့ " **ကွန်မြူနစ်ပါတီကျေငြာစာတမ်း** " ထွက်ပေါ်လာပြီးနောက် ၉၁ နှစ်ကြာမှ ၁၉၃၉ ခုနှစ်ဩဂုတ်လ ၁၅ ရက်နေ့မှာ စတင်တည် ထောင်ခဲ့တာဖြစ်ပါတယ်။

လွန်ခဲ့တဲ့ ၄၅ နှစ်အတွင်း ကျနော်တို့ ပါတီရဲ့သမိုင်းကို ပြန်ကြည့် မယ်ဆိုယင် ၁၉၃၉ ခုနှစ်မှ ၁၉၄၅ ခုနှစ်မေလအထိ ပါတီဟာမြေ အောက်ပါတီအဖြစ် တည်ရှိ လှုပ်ရှားခဲ့ရပါတယ်။

၁၉၄၅ ခုနှစ်မေလမှ ၁၉၄၈ ခုနှစ်မတ်လအထိ ဥပဒေတွင်းဖြောင် တည်ထောင်လှုပ်ရှားခဲ့ပါတယ်။

၁၉၄၈ ခုနှစ်မတ်လ ၂၈ ရက်နေ့မှစပြီး ရန်သူ အုပ်စိုးသူ လူတန်း စားက ပြည်သူဆန့်ကျင်ရေး ကွန်မြူနစ်ဆန့်ကျင်ရေး ဖေါက်ပြန်တဲ့ ပြည်တွင်းစစ်ကို စတင်ခဲ့တဲ့အခါမှာ ကျနော်တို့ပါတီဟာ မလွဲမရှောင် သာဘဲ တော်လှန်တဲ့ ပြည်တွင်းစစ်နဲ့ မိမိကိုယ်ကို မိမိကာကွယ်ယင်း ရန်သူကို တိုက်ခိုက်ခဲ့ရတာ အခုဆိုယင် ၃၆ နှစ်ကျော်လာပါပြီ။

၁၉၃၉ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ မြေအောက်ပါတီအဖြစ် လှုပ် ရှားခဲ့မှုများကို နှစ်ပိုင်းခွဲနိုင်ပါတယ်။

တပိုင်းက ၁၉၃၉ ခုနှစ်မှ ၁၉၄၁ ခုနှစ်အထိ ဒီကာလမှာ အဓိက အားဖြင့် အင်္ဂလိပ်နယ်ချဲ့ကို ဆန့်ကျင်တဲ့ ဗမာပြည်ရဲ့လုံးဝ လွတ်လပ် ရေးတိုက်ပွဲအတွက် ကျနော်တို့ပါတီဟာ စွမ်းစွမ်းတမန်ဆောင်ရွက် ခဲ့ပါတယ်။

နောက်တပိုင်းက ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်မေလအထိ ဒီကာ လမှာ ဖက်ဆစ် ဂျပန်ဆန့်ကျင်ရေး လှုပ်ရှားမှုကို စည်းရုံးလှုံ့ဆော်တဲ့ ပါတီအဖြစ်နဲ့ရော ၁၉၄၅ ခုနှစ်မတ်လ ၂၇ ရက်နေ့မှာ ဖက်ဆစ် ဂျပန် များကို လက်နက်ကိုင်စတင်တိုက်ခိုက်ခဲ့တဲ့ နေရာမှာ ခေါင်းဆောင်ခဲ့ တဲ့ပါတီအဖြစ်နဲ့ ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ ဒီကာလမှာ ဗမာပြည်

ကွန်မြူနစ်ပါတီဟာ ဗမာ့တပ်မတော် ပြည်သူ့အရေးတော်ပုံပါတီ အာရှလူငယ်များ၊ ကရင်အမျိုးသား အဖွဲ့ချုပ်နဲ့ တခြားပြည်ချစ် ပုဂ္ဂိုလ်များကို စည်းရုံးခေါင်းဆောင်ပြီး၊ အမျိုးသားအသီးသီး လူတန်းစားအသီးသီး အပါအဝင် ဗမာပြည် ပြည်သူလူထု တရပ်လုံးကို ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးခေါင်းဆောင်ပြီး ဖက်ဆစ် ဂျပန်များကို အနိုင်တိုက်ယူခဲ့တဲ့ ဂုဏ်ရောင်ပြောင်တဲ့ အခန်းက ပါဝင်ခဲ့တယ်။

၁၉၄၅ ခုနှစ်မှ ၁၉၄၈ ခုနှစ်မတ်လအထိ အင်္ဂလိပ်နယ်ချဲ့လက်အောက်မှလုံးဝ လွတ်လပ်ရေးအတွက် ဆက်လက်တိုက်ပွဲဝင်ပြီး အလုပ်သမား၊ လယ်သမား အစရှိတဲ့ လူတန်းစားတိုက်ပွဲတွေ၊ ကျောင်းသား လူငယ်တွေရဲ့ အခွင့်အရေး ရရှိရေးတိုက်ပွဲတွေကို စွမ်းစွမ်းတမန် ရှေ့ဆောင်ဆင်နွဲခဲ့ကြတယ်။ ဒီကာလအတွင်းမှာ ကျနော်တို့ ပါတီဟာ ပါလီမန်တွင်းတိုက်ပွဲတွေကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

၁၉၄၈ ခုနှစ်မတ်လ ၂၈ ရက်နေ့မှစပြီး ကနေ့အထိ ၃၆ နှစ်ကျော်တိုင်တိုင် မလွဲမရှောင်သာဘဲ လက်နက်ကိုင် ခုခံရေးစစ်ပွဲကို ဆင်နွဲခဲ့ရပါတယ်။

ချုပ်ပြောရယင် ကျနော်တို့ပါတီဟာ နယ်ချဲ့ဆန့်ကျင်ရေး၊ ပဒေသရာဇ်မြေရှင် ဆန့်ကျင်ရေး၊ ဗျူရိုကရက် အရင်းရှင် ဆန့်ကျင်ရေး တိုက်ပွဲတွေမှာ မြေပေါ် မြေအောက်တိုက်ပွဲများ၊ ဥပဒေတွင်းနဲ့ ဥပဒေပြင်တိုက်ပွဲများ၊ လက်နက်ကိုင်တိုက်ပွဲနဲ့ တခြားတိုက်ပွဲသဏ္ဍာန်များကို ပေါင်းစပ်အသုံးပြုခဲ့တဲ့၊ အသုံးပြုနေတဲ့ အတွေ့အကြုံရင့်ကျက်တဲ့၊ ဝါရင့်တဲ့၊ ဗမာပြည်မှာ သက်တမ်းအရှည်ဆုံး ပါတီလဲဖြစ်ပါတယ်။

[ ၂ ]

တချိန်ထဲမှာ ကျနော်တို့ပါတီဟာ တော်လှန်တဲ့ သူရဲကောင်းဝါဒကို လက်တွေ့စိုက်ထူကျင့်သုံးတဲ့ ပစ္စည်းမဲ့ပါတီလဲဖြစ်ပါတယ်။ပါတီရဲ့သက်တန်း ၄၅ နှစ်အတွင်းမှာ နယ်ချဲ့ ဆန့်ကျင်ရေး တိုက်ပွဲများ၊ ပြင်းထန်တဲ့ လူတန်းစားတိုက်ပွဲများနဲ့ လူတန်းစားတိုက်ပွဲရဲ့ အမြင့်ဆုံးသဏ္ဍာန်ဖြစ်တဲ့ လက်နက်ကိုင်တိုက်ပွဲအတွင်းမှာ ထောင်သောင်းမကတဲ့ပါတီဝင်များ၊ တပ်မတော်သားများနဲ့ ပြည်သူလူထု အမြောက်အများဟာ ဗမာပြည် ပြည်သူလူထုရဲ့ အကျိုးအတွက် ဆောင်ရွက်ရင်းနဲ့သူတို့ရဲ့မွန်မြတ်လှတဲ့အသက်သွေးချွေးများ ကိုပေးလှူခဲ့ကြပါပြီ။

ဒီလိုအဖိနှိပ်ခံ ပြည်သူများ၊ အဖိနှိပ်ခံ လူတန်းစားများ လွတ်မြောက်ရေးအတွက် အသက်သွေးချွေးတွေကို စွန့်လှူခဲ့တဲ့အာဇာနည်များကို ဘယ်တော့မှ ကျနော်တို့ မမေ့နိုင်ပါ။ မေ့လို့လဲမဖြစ်ပါ။ ဒီအာဇာနည်တွေရဲ့ သွေးနဲ့ခင်းထားတဲ့ လမ်းအတိုင်း ကျနော်တို့တတွေဟာ နောက်ဆုံး အောင်မြင်မှု ပန်းတိုင်ရောက်တဲ့အထိ ဆက်လက် လျှောက်ရပါလိမ့်မယ်။ ဒီလိုလုပ်မှလဲ ကျနော်တို့တတွေဟာ ကျဆုံးသွားခဲ့တဲ့ အာဇာနည်များကို သစ္စာစောင့်ထိန်းရာရောက်ပါလိမ့်မယ်။

ဒီအာဇာနည်တွေထဲက ပါတီဝင်တွေ အကြောင်းကို ပြောပါရစေ။ ဘာဖြစ်လို့ ဒီပါတီဝင်တွေဟာ သူတို့ရဲ့ အသက်သွေးကို ရက်ရက်ရောရော ပေးလှူနိုင်ကြတာလဲ။

ပြည်သူလူထု အကျိုးမှတပါး ကွန်မြူနစ်တွေအတွက် တခြားအကျိုးစီးပွါးမရှိဘူးဆိုတဲ့ အတွေးအခေါ် အသိဉာဏ် လက်တွေ့ဘဝအတွေ့အကြုံတွေကြောင့် ဒီပါတီဝင် ရဲဘော်တွေဟာ သူတို့ရဲ့မွန်

မြတ်တဲ့အသက်သွေးတွေကို စွန့်လှူခဲ့ကြပါတယ်။

တိုက်ရိုက်ပြောရယင် ဒီပါတီဝင် ရဲဘော်တွေဟာ ကွန်မြူနစ်ပါတီဝင်တိုင်းမှာရှိသင့်တဲ့၊ ရှိရမဲ့ကိုယ်ကျိုးလုံးဝ စွန့်လွှတ်ရေးဆိုတဲ့ အလွန်မြင့်မားမွန်မြတ်တဲ့ မူတခုကို လက်တွေ့အသုံးပြုပြီး ကျနော်တို့ကို ပညာပေးခဲ့တာပါဘဲ။

နောက်တချက်ကို ပြောလိုပါတယ်။ မဆလပါတီဟာ ဆိုရှယ်လစ်အတုအယောင်နဲ့ လူ့အဖွဲ့အစည်းဟောင်း၊စနစ်ဟောင်းကို ထိန်းသိမ်းကာကွယ်နေတဲ့ ပါတီဖြစ်တယ်။ ဒီပါတီဟာ သူတို့ပါတီဝင်တွေကို သိမ်းသွင်းရာမှာ အာဏာ၊ ရာထူး၊ ပစ္စည်းဥစ္စာနဲ့ တခြားအခွင့်အရေးမက်လုံးတွေကိုပေးပြီး၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်တဲ့ နည်းများနဲ့ဖြစ်စေ ဖိအားပေး သိမ်းသွင်းနေတဲ့အတွက် သူတို့ပါတီဝင်တွေရဲ့စာရင်းကို သိန်းဂဏန်းနဲ့ချီပြီး ပြနိုင်ခဲ့ပါတယ်။

ဒါနဲ့ပြောင်းပြန်ပါဘဲ၊ ကျနော်တို့ပါတီကတော့ လူ့အဖွဲ့အစည်းဟောင်း၊စနစ်ဟောင်းကို ဖြိုဖျက်ပြီး လူလူချင်းဖိနှိပ် သွေးစုတ်မှုကင်းမဲ့တဲ့ ကွန်မြူနစ်လူ့အဖွဲ့အစည်း ထူထောင်ရေးကို နောက်ဆုံးရည်မှန်းချက်အဖြစ်ထားတဲ့ ပါတီဖြစ်တယ်။ ဒါကြောင့် ကျနော်တို့ပါတီဝင်တွေကို သိမ်းသွင်းရာမှာ လူကြိုက်များတဲ့ မက်လုံးတွေကို ပေးပြီး မသိမ်းသွင်းနိုင်ပါဘူး။ သိမ်းသွင်းလို့လဲ မဖြစ်ပါဘူး။ ကျနော်တို့ပါတီဝင်ဖြစ်ချင်ယင် ကိုယ်ကျိုးလုံးဝ စွန့်လွှတ်ရမယ်၊ ဆင်းရဲမယ်၊ ပင်ပန်းမယ်၊ အခက်အခဲတွေ အမျိုးမျိုးကို ရင်ဆိုင်ရမယ်၊ လိုအပ်လာယင် ကိုယ့်အသက်ကိုပါ ပါတီ၊ ပြည်သူလူထုနဲ့ တော်လှန်ရေးအတွက် စွန့်လှူရမယ်ဆိုတဲ့ တောင်းဆိုချက်ကို လက်ခံပြီး ပါတီဝင်တွေဖြစ်လာကြတာပါဘဲ။ ဂျပန်ဖက်ဆစ် တော်လှန်ရေး ကာလနဲ့ ၄၇ ခုနှစ်ပြည်တွင်းစစ်ကို အဆက်ဆက်သော အုပ်စိုးတဲ့ လူတန်းစားများက

ရတင်ဆက်တိုက် လုပ်နေတဲ့ ကာလအတွင်းမှာ ကွန်မြူနစ်ပါတီဝင်ဆို ယင် အသက်ခံရမယ်၊ အနည်းဆုံးထောင်ချ ညှဥ်းပန်းခံရမယ်ဆိုတာ တွေကိုသိရက်သားနဲ့ ပါတီဝင်တွေ ဖြစ်လာကြသူတွေဟာ ကိုယ်ကျိုး လုံးဝ စွန့်လွှတ်ပြီး တော်လှန်တဲ့ သူရဲကောင်းဝါဒကို လက်တွေ့စိုက် ထူပြလိုက်တာပါဘဲ။

အသက်ရှင်နေတုံးမှာ ကြီးမြတ်ပြီး၊ ကျဆုံးတဲ့အခါမှာ ဂုဏ်ရောင် ပြောင်ရမယ်ဆိုတဲ့ ကြွေးကြော်သံဟာ ကျဆုံးသွားတဲ့ ပါတီဝင်တွေ ရော၊ လက်ရှိ ပါတီဝင်တွေပါ လိုက်နာကျင့်သုံးခဲ့တဲ့၊ ကျင့်သုံးရမဲ့ မွန် မြတ်တဲ့ကျင့်စဉ်တရပ် ဖြစ်စေရမယ်။

[ ၃ ]

လက်ရှိဗမာပြည်မှာ တည်ရှိနေတဲ့ ကိုလိုနီ တပိုင်း၊ ပဒေသရာဇ် တပိုင်း လူ့အဖွဲ့အစည်းထဲမှာ မဆလ စစ်အစိုးရက ပြည်သူဆန့်ကျင် ရေး၊ကွန်မြူနစ်ဆန့်ကျင်ရေး ပြည်တွင်းစစ်ကို လုပ်နေသမျှ ကာလ ပတ်လုံး ကျနော်တို့ပါတီက လက်ရှိချမှတ်ထားတဲ့ **"လက်နက်ကိုင် တိုက်ပွဲကို အဓိကထား၊ တခြားတိုက်ပွဲသဏ္ဍာန် အမျိုးမျိုးနဲ့ ပေါင်းစပ် ပေးရမယ်"** ဆိုတဲ့ မှန်ကန်တဲ့ နည်းပရိယာယ် လမ်းစဉ်ကို အတိမ်းအ စောင်းမရှိစေဘဲ တိတိကျကျ၊ တသွေမတိမ်း လိုက်နာ ဆောင်ရွက် သွားကြရမယ်။

ဒီနည်းမှတပါး တခြားနည်းလမ်းမရှိဘူး။

သမိုင်းရုပ်ဝါဒက နှစ်ပေါင်း ၃၀,၁၀ ကျော်ကျော်လေးအတွင်းမှာ ပုတ်သိုး ဆွေးမြေ့ ဖေါက်ပြန်နေတဲ့ လူနေမှု စနစ်တခုကို သစ်လွင် လန်းဆန်း တိုးတက်တဲ့ လူနေမှုစနစ်တခုက အစားထိုး ပြောင်းလဲပစ်

ရာမှာ တော်လှန်တဲ့ အကြမ်းဖက်မှုနဲ့သာ ရိုက်ချိုး ပြောင်းလဲပစ်နိုင်ခဲ့တယ်ဆိုတာကို သက်သေပြခဲ့ ပြီးပါပြီ။

ဒီအချက်ကို ပါတီဝင်တိုင်း ရှင်းရှင်းသင်းလင်း ပြတ်ပြတ်သားသား စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားဘို့လိုတယ်။

တချိန်ထဲမှာကျနော်တို့ ဗမာပြည်ကွန်မြူနစ်ပါတီဟာ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးကို လိုလားတဲ့ ပါတီဖြစ်တယ်။

ကျနော်တို့ ဗမာပြည် ကွန်မြူနစ်ပါတီအနေနဲ့ ပြည်တွင်းစစ်ရပ်စဲပြီး၊ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရေးကို စစ်အစိုးရထံ အကြိမ်ကြိမ် ကမ်းလှမ်းခဲ့ပေမဲ့ စစ်အစိုးရက ပယ်ချခဲ့တယ်။

ရန်သူက ကျနော်တို့ကို ချေမှုန်းဘို့အတွက် လက်နက်ကိုင်တိုက်နေသမျှ ကာလပတ်လုံး ကျနော်တို့ဟာလဲ ပြည်သူတွေရဲ့ ဘဝလွတ်မြောက်ရေးအတွက် မိမိကိုယ်ကို ကာကွယ်တဲ့ ခုခံရေး လက်နက်ကိုင်တိုက်ပွဲကို တသမတ်ထဲ ဆင်နွှဲသွားဘို့ အဆင်သင့်ပါဘဲ။

ဒီလိုကျနော်တို့ကိုယ်ကို ကျနော်တို့ ခုခံကာကွယ်တဲ့ လက်နက်ကိုင်တိုက်ပွဲကို ဆင်နွှဲနေရတာဟာ ရာဇဝတ်မှုတခု၊ဒါမှမဟုတ် ဒုစရိုက်မှုတခုကို ကျူးလွန်တာ ဖြစ်ပါသလား၊ မဟုတ်ပါ၊ လုံးဝမဟုတ်ပါ။ ဗမာပြည် ကွန်မြူနစ်ပါတီဟာ ပြည်ချစ်ဝါဒနဲ့ ပစ္စည်းမဲ့ နိုင်ငံတကာ့ဝါဒမူများကို လက်ခံကျင့်သုံးနေတဲ့ ပါတီဖြစ်တဲ့အတိုင်း ကိုယ့်တိုင်းပြည်ကိုချစ်တာ၊ ပြည်တွင်းပြည်ပရှိ အဖိနှိပ်ခံ အမျိုးသားများ၊ အဖိနှိပ်ခံ လူတန်းစားများကို ချစ်တာ၊ကြင်နာတာ၊အလုပ်အကျွေးပြုတာ ဒါတွေဟာ ရာဇဝတ်မှုလား၊ ဒုစရိုက်မှုလား၊ တခုမှမဟုတ်ပါ၊ ဒီလုပ်ရပ်တွေဟာ ဗမာပြည် ကွန်မြူနစ်ပါတီအနေနဲ့ ဂုဏ်ရောင်ပြောင်ထဲ့သမိုင်းပေး တာဝန်တွေကို ထမ်းဆောင်နေရတာ ဖြစ်ပါတယ်။

## [ ၄ ]

နယ်ချဲ့ဆန့်ကျင်ရေး တမျိုးသားလုံး စစ်ပွဲနဲ့ ပြည်တွင်းစစ်ဟာ အခြေခံအားဖြင့် မတူပါ။ ပြည်တွင်းစစ်ဆိုတာ ရဲဘော်မော်စီတုန်း ပြောခဲ့သလို သူတောင်းစားနဲ့ နဂါးမင်းတိုက်ကြသလိုပါဘဲ။ အုပ်စိုးတဲ့ ရန်သူလူတန်းစားအနေနဲ့ နိုင်ငံရေး စည်းရုံးရေးနဲ့ သံမဏိစည်းကမ်း ဘက်တွေက လွဲယင် တခြားဘက်တွေမှာ အဖိနှိပ်ခံ ပြည်သူများနဲ့ ပစ္စည်းမဲ့ ပါတီများထက် သာလွန်နေပါတယ်။

ဒါကြောင့် ရုပ်ဘဝ အခြေအနေအရရော၊ ဆန္ဒပိုင်းအရပါ မလွဲမရှောင်သာဘဲ ရေရှည်စစ်ပွဲကို ဆင်နွှဲနေရတာ ဖြစ်ပါတယ်။ ဒီပကတိ အခြေအနေတွေကို ဆန့်ကျင်ပြီး ရေတိုစစ်ပွဲလုပ်ချင်လို့မရပါဘူး။

မာ့က်စ်က အလုပ်သမားများအား တခါကပြောခဲ့ဘူးတာက-

**“ သင်တို့ဟာ တည်ရှိနေတဲ့ အခြေအနေတွေကို ပြောင်းလဲပစ်ရုံသာမက သင်တို့ကိုယ်ကို ပြောင်းလဲဘို့အတွက်နဲ့၊ သင်တို့ကိုယ်တိုင် နိုင်ငံရေးအာဏာကို ကျင့်သုံးနိုင်စွမ်း ရှိအောင် ၁၅ နှစ်၊အနှစ် ၂၀၊ အနှစ် ၅၀ ရှည်ကြာတဲ့ ပြည်တွင်းစစ်များနဲ့ နိုင်ငံတကာ့ အတိုက်အခံဖြစ်မှုများကို ဖြတ်သန်းရပေလိမ့်မယ် ”**

ဒီသဘောအတိုင်းပါဘဲ။ ကျနော်တို့တိုက်ပွဲဟာလဲ ရေရှည်စစ်ပွဲဖြစ်ပါလိမ့်အုံးမယ်။ ဒါပေမဲ့ ရေရှည်စစ်ပွဲဆိုတာနဲ့ အဆုံးအစမရှိ ကမ်းမမြင်၊ လမ်းမမြင်မဟုတ်ပါဘူး။

ရေရှည်စစ်ပွဲထဲမှာ အခက်အခဲအမျိုးမျိုးနဲ့ ရင်ဆိုင်ရပါလိမ့်မယ်။ ဒါပေမဲ့ ကျနော်တို့ဟာ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ ဗမာပြည် ပြည်သူလူထုကိုယုံကြည်ပြီး၊ ပြည်သူလူထုကိုလုံးဝ မှီခိုအားကိုး လုံ့ဆော်နိုင်ယင်၊ ကျနော်တို့ရင်ဆိုင်နေရတဲ့ အခက်အခဲမျိုးစုံကို မုချဘဲ ကျော်နင်း

နိုင်ပြီး၊ နောက်ဆုံးပိတ် အောင်ပွဲကို ကျနော်တို့ကောန်မုချ ဆွတ်ခူးနိုင် ပါလိမ့်မယ်။

[ ၅ ]

ကျနော်တို့ပါတီဟာ ဘုံရန်သူ စစ်အစိုးရကို ဆန့်ကျင်တိုက်ပွဲဝင်ရာမှာ အမျိုးသားလူနည်းစု လက်နက်ကိုင် တော်လှန်ရေးအင်အားစု အများအပြားနဲ့ တပ်ပေါင်းစု ဖွဲ့စည်းနိုင်ခဲ့တယ်။ ဒီလိုရရှိထားတဲ့ တပ်ပေါင်းစု အင်အားတွေနဲ့ သွေးစည်းညီညွတ်မှုကို ပိုမိုခိုင်မြဲသထက် ခိုင်မြဲအောင် ဆောင်ရွက် သွားကြရမယ်။

တချိန်ထဲမှာ ကနေ့အချိန်မှာ တပ်ပေါင်းစု မဖွဲ့ရသေးတဲ့ တောရောမြို့ပါ၊ ပြည်ချစ်အင်အားစုတွေနဲ့လဲ ဘုံရန်သူ စစ်အစိုးရကို ဆန့်ကျင်တိုက်ခိုက်ရေး၊ မ ဆ လ တပါတီ အာဏာရှင်စနစ်ကို ဖျက်သိမ်းပြီး ပါတီစုံ ဒီမိုကရေစီစနစ် ထူထောင်နိုင်ရေးအတွက် ညှိနှိုင်း ဆွေးနွေးသွားရန် ကျနော်တို့အသင့်ရှိပါတယ်။

[ ၆ ]

လက်ရှိဗမာပြည်မှာ မ ဆ လ တပါတီ အာဏာရှင်စနစ်ကို ကျင့်သုံးနေတဲ့ စစ်အစိုးရဟာ တတိုင်းပြည်လုံးမှာ ထင်သလိုရမ်းချင်တိုင်း ရမ်း၊ သောင်းကျန်းချင်တိုင်း သောင်းကျန်းနေတယ်၊ သူတို့ရဲ့ ပြည်သူဆန့်ကျင်ရေး၊ ကွန်မြူနစ်ဆန့်ကျင်ရေး ပြည်တွင်းစစ်ကို ဆက်လုပ်နေတဲ့ ဖေါက်ပြန်တဲ့ ပေါ်လစီတွေကြောင့် တတိုင်းတပြည်လုံးရဲ့ စီးပွါးရေးဟာ ကမောက်ကမ ဖြစ်နေတယ်။ ဗမာပြည်ရဲ့ လူတယောက်ပျမ်း

မျှဝင်ငွေဟာ ဒေါ်လာ ၁၇၀ သာရှိပြီး၊ ဗမာပြည်ဟာ ကမ္ဘာပေါ်မှာ အဆင်းရဲဆုံး နိုင်ငံတခုထဲမှာ ပါဝင်နေပါတယ်။ မ ဆ လ ပါတီတွင်းမှာ ဂိုဏ်းအုပ်စု တိုက်ပွဲတွေနဲ့ ရှုပ်ယှက်ခတ်နေကြတယ်။ မ ဆ လ ပါတီရဲ့ ဗမာလူမျိုးကြီးဝါဒကြောင့် ဗမာပြည်ရှိ အမျိုးသားလူနည်းစု အသီးသီးတို့ကို ဖိနှိပ်ချုပ်ချယ် သတ်ဖြတ်နေကြတယ်။ ပြည်သူတွေရဲ့ အမျိုးသားသွေးစည်း ညီညွတ်ရေးဟာ ပြိုကွဲပျက်စီးနေပြီး ဒီမိုကရေစီ အခွင့်အရေးဆိုတာ မ ဆ လ လက်ထက်မှာ သုညပါဘဲ။ ပြည်သူလူထုရဲ့ စားဝတ်နေထိုင်မှုက အလွန်ခက်ခဲနေပါတယ်။ မ ဆ လ စစ်အစိုးရမှာ နိုင်ငံခြားကြွေးတွေ ပတ်လည် ဝိုင်းနေပါတယ်။ ဗမာပြည်မှာ အခုဆိုယင် လူတယောက်စီအပေါ်မှာ နိုင်ငံခြား အကြွေးဟာ ၄၀၀ကျပ် ကျော်လောက်ရှိနေပါတယ်။

ဒီလို မ ဆ လ စစ်အစိုးရရဲ့ မင်းဆိုး မင်းညစ်၊ သူခိုးဓါးပြ စစ်ဗိုလ်ကြီးတွေရဲ့ လက်အောက်မှာ တိုင်းပြည်ရဲ့ အခြေအနေ ဒီလိုဆိုးဝါးနေတာကို ပြောင်းလဲပစ်ဘို့အတွက် ဘုံရန်သူ တပါတီအာဏာရှင်စနစ်ကို ကျင့်သုံးနေတဲ့ မ ဆ လ စစ်အစိုးရကို ဆန့်ကျင် တိုက်ခိုက်ကြရမယ်။ အဲသလို ဆန့်ကျင် တိုက်ခိုက်နေကြတဲ့ အင်အားစုများ အားလုံး မ ဆ လ စစ်အာဏာရှင် အစိုးရရဲ့ ဖိနှိပ် ချုပ်ချယ် သွေးစုတ်မှုကိုခံနေကြရတဲ့ လုပ်သားလူတန်းစား လူ့အလွှာအသီးသီးနဲ့ လူပုဂ္ဂိုလ်အားလုံး သွေးစည်းညီညွတ်ကြကာ နည်းမျိုးစုံဖြင့် တိုက်ပွဲဝင်ကာ၊ ပါတီပေါင်းစုံပါဝင်တဲ့ နိုင်ငံရေး စနစ်အသစ်တခုကို ထူထောင်ရန် ကြိုးစားကြဘို့

ဗမာပြည် ကွန်မြူနစ်ပါတီက နှိုးဆော်လိုက်ပါတယ်။

[ ၇ ]

ရဲဘော်တို့

(က) ကိုယ်ကျိုးကို လုံးဝစွန့်လွှတ်ကြ။

(ခ) ကိုယ့်ဒူးကိုယ်ချွန် လုပ်ငန်းများကို လက်တွေ့အကောင်အထည် ဖေါ်ကြ။

(ဂ) တပါတီလုံး ပိုမိုသွေးစည်း ညီညွတ်ပြီး၊ အခက်အခဲမှန်သမျှကို ရင်ဆိုင်ကျော်နင်းကြ။

(ဃ) လက်နက်ကိုင်တိုက်ပွဲကို အဓိကထားပြီး တခြားတိုက်ပွဲသဏ္ဍာန် အမျိုးမျိုးနဲ့ ပေါင်းစပ်ပေးရမယ်ဆိုတဲ့ နည်းပရိယာယ် လမ်းစဉ်ကို ပိုမိုထိရောက်စွာအကောင်အထည်ဖေါ်ကြ။

(င) မဆလ တပါတီ အာဏာရှင်စနစ်ကို ဖျက်သိမ်းပြီး ပါတီစုံ ဒီမိုကရေစီစနစ်ကို ထူထောင်နိုင်ရန်၊ဘုံရန်သူစစ်အစိုးရကို ဆန့်ကျင်တိုက်ခိုက်နေကြတဲ့ အင်အားစုအားလုံး သွေးစည်းညီညွတ်ရေးအတွက် ကြိုးပမ်းအားထုတ်ကြ။

အခုပြောခဲ့တဲ့ တာဝန်တွေကို ပါတီဝင်တိုင်း၊ပြည်သူ့တပ်မတော်တပ်မှူး တပ်သားတိုင်း၊ကေဒါတိုင်း လက်ရှိအခြေအနေမှာ အစွမ်းကုန်ဆောင်ရွက်ကြရန်၊ ၄၅ နှစ်မြောက် ပါတီမွေးနေ့မှာ ပါတီဗဟိုကော်မတီကိုယ်စား- ကျနော်တောင်းဆိုလိုက်ပါတယ်။

ဂုဏ်ရောင်ပြောင်တဲ့ ဗမာပြည် ကွန်မြူနစ်ပါတီ အဓွန့်ရှည် ပါစေ။

မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ် အဓွန့် ရှည်ပါစေ။

တပါတီ အာဏာရှင် စနစ်ကို ကျင့်သုံးနေတဲ့ မဆလစစ် အစိုးရကို တိုက်ဖျက်ကြ။

ဗမာပြည် ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးမုချ အောင် ရမယ်။

၁၃၄၆ ခုနှစ်၊ ဝါခေါင်လဆုတ် ၄ ရက်။
၁၉၈၄ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်။

ဘာသာပြန်နှင့် စာပုံနှိပ်ဌာန
ဗမာ့ပြည်ကွန်မြူနစ်ပါတီ
၁၉၇၄